## ထမ်းဆောင်မည့်တာဝန် ဖော်ပြချက်

ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး နယ်ပယ်များတွင် ဂျာမန်အလုပ်ရှင်များအတွက် ကျွမ်းကျင်လုပ်သားများကို နိုင်ငံတကာမှ စုဆောင်းခေါ်ယူရာတွင် မျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာပါသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုနှင့် ပတ်သက်၍ အိမ်ရှင်နိုင်ငံနှင့် ကျွမ်းကျင်သူများ၏ မူလနိုင်ငံအပေါ်၊ အဓိကအားဖြင့် ကျွမ်းကျင်သူများကိုယ်တိုင်အပေါ် အတိုင်းအတာတစ်ခုအထိ ထားရှိရမည့် လူမှုရေးအရ တာဝန်ယူမှုကို ကျွန်ုပ်တို့ သိနားလည်ပါသည်။ ထို့အတွက်ကြောင့် ကျွမ်းကျင်သူများအနေဖြင့် ဂျာမနီနိုင်ငံတွင် အလုပ်အကိုင်တစ်ခု ရရှိရေးအတွက် တစ်ပြားတစ်ချပ်မျှ ပေးရန်မလိုကြောင်း ကျွန်ုပ်တို့ ကတိပြုအပ်ပါသည် ("အဖိုးအခ မကျသင့်ရေး" မူဝါဒ နှင့်/သို့မဟုတ် "အလုပ်ရှင်က ပေးချေရေး" စည်းမျဉ်းစည်းကမ်း)။ လုပ်ငန်းလည်ပတ်မှုကဏ္ဍအားလုံးတွင် TalentOrange သည် "ဂျာမနီနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မျှတသော ဝန်ထမ်းစုဆောင်းခေါ်ယူမှု" အရည်အသွေးစံနှုန်း ၏ မြင့်မားသော ကျင့်ဝတ်စည်းကမ်းနှင့် ကျွမ်းကျင်မှုစံနှုန်းများကို ကျင့်သုံးပြီး ၎င်း၏ လုပ်ငန်းမိတ်ဖက်များကိုလည်း ထပ်တူလုပ်ဆောင်ရန် သတ်မှတ်ထားပါသည်။ ကျွန်ုပ်တို့၏ ကျင့်ဝတ်စည်းမျဉ်းသည် "ကျန်းမာရေးဝန်ထမ်းများအား နိုင်ငံတကာမှ စုဆောင်းခေါ်ယူမှုဆိုင်ရာ WHO ကျင့်ဝတ်စည်းမျဉ်း" အပေါ် အခြေပြုထားပါသည်။ ၎င်းသည် TalentOrange၊ ကျွမ်းကျင်သူများနှင့် အလုပ်ရှင်များအကြား ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံလမ်းညွှန်ချက် ဖြစ်ပါသည်။ ကျင့်ဝတ်စည်းမျဉ်း၏ ရည်ရွယ်ချက်မှာ ဆက်စပ်ပတ်သက်သူအားလုံး၏ အကျိုးစီးပွားကို မျှတသောနည်းလမ်းဖြင့် ချိန်ညှိဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ TalentOrange သည် ပြည်တွင်းလိုအပ်ချက်များအတွက် ဆေးဘက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်သူ အလုံအလောက်ရှိသည်ဟု WHO က သတ်မှတ်ထားသော နိုင်ငံများမှသာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများကို စုဆောင်းခေါ်ယူပါသည်၊ ဆိုလိုသည်မှာ "WHO ကျန်းမာရေးဝန်ထမ်းအင်အား ပံ့ပိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး စာရင်း" တွင် မပါဝင်သော နိုင်ငံများမှသာ ဖြစ်ပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူညီချက်များ၊ အထူးသဖြင့် လူ့အခွင့်အရေးဆိုင်ရာ ဥရောပ သဘောတူညီချက်ကို လိုက်နာမည်ဟုလည်း ကျွန်ုပ်တို့ ကတိပြုပါသည်။ TalentOrange သည် ILO ၏ လုပ်ငန်းခွင်ဆိုင်ရာ အဓိကနှုန်းစံများ နှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၏ IRIS စံနှုန်းများကိုလည်း

TalentOrange GmbH • Speicherstraße 57 • 60327 Frankfurt am Main • T: +49 (0) 69 9999 93-500 • info@talentorange.com • www.talentorange.com • Geschäftsführung: Dr. med. Tilman Frank, Thomas Klimpke • HRB 92738 • USt-IdNr.: DE281916425

လိုက်နာရန် ကတိပြုပါသည်။ ၎င်းတို့သည် နိုင်ငံရပ်ခြားမှ ဝန်ထမ်းများ ခေါ်ယူသောအခါ ကျွန်ုပ်တို့ လိုက်နာသည့် အရေးအကြီးဆုံးသော စည်းမျဉ်းစည်းကမ်းများ ဖြစ်ပါသည်-

- ပါဝင်သော နိုင်ငံတိုင်း၏ ဥပဒေများအား လေးစားခြင်း၊ နှစ်နိုင်ငံချုပ်ဆိုထားသော သဘောတူစာချုပ်များနှင့် အလုပ်ခန့်အပ်မှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တည်ဆဲဥပဒေများ အပါအဝင်
- အလုပ်ခန့်အပ်ကြေး သို့မဟုတ် စပေါ်ငွေ ကောက်ခံမှုအား ဟန့်တားခြင်း ("အလုပ်ရှင်က ပေးချေရေး" စည်းမျဉ်းစည်းကမ်း)
- အလုပ်ခွင်နေရာအသစ်နှင့် ထိတွေ့ပေါင်းစပ်ရန် ဂရုတစိုက် ကြိုတင်ပြင်ဆင်ခြင်း၊ လက်ခံမည့်အဖွဲ့အစည်း၏ ယဉ်ကျေးမှုအကူးအပြောင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှု ပါဝင်ပြီး ၎င်းသည် ထိတွေ့ပေါင်းစပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲထားပြီး နွေးထွေးစွာကြိုဆိုသည့် ဓလေ့တစ်ရပ်ကို ချမှတ်ပေးပါမည်
- ကျွမ်းကျင်သူများအနေဖြင့် အကြောင်းစုံသိရှိလျက် ကောင်းမွန်မှန်ကန်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်ရန်အတွက် ဝန်ထမ်းခေါ်ယူရေးနှင့် ခန့်အပ်ရေး သတ်မှတ်ချက်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာခြင်း
- ပြည်တွင်းနှင့် နိုင်ငံတကာမှ ဝန်ထမ်းများအကြား အလုပ်ခွင်အခြေအနေ၊ ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ တူညီကြောင်း သေချာစေမည့် အလုပ်ခွင်များအတွက် စုဆောင်းခေါ်ယူခြင်း (ခွဲခြားဆက်ဆံမှု ဆန့်ကျင်ရေး)
- နိုင်ငံရပ်ခြားတွင် လိုအပ်သည့် အရည်အချင်းသတ်မှတ်ချက်များအတွက် အသိအမှတ်ပြုမှု ရရှိရေး၊ နေထိုင်ခွင့်ပါမစ်များ ရရှိရေးနှင့် ဘာသာစကား လေ့လာသင်ယူရေးအတွက် ဝန်ထမ်းများအား အကောင်းဆုံးပံ့ပိုးပေးခြင်း
- ကျင့်ဝတ်နှင့်ညီပြီး ပရော်ဖက်ရှင်နယ်ပီသသော လုပ်ကိုင်ဆောင်ရွက်ခြင်း
- ငွေပြန်ပေးရခြင်း သို့မဟုတ် ခံဝန်ကတိပြုရခြင်း ပါဝင်သည့် စာပိုဒ်များဖြင့် စာချုပ်ချုပ်ဆိုရသော စုဆောင်းခေါ်ယူမှုများ သို့မဟုတ် "ဂျာမနီနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မျှတသော ဝန်ထမ်းစုဆောင်းခေါ်ယူမှု” အရည်အသွေးစံနှုန်းကို မပြည့်မီသော စုဆောင်းခေါ်ယူမှုများ မပြုလုပ်ခြင်း
- လျှို့ဝှက်ထိန်းသိမ်းမှုနှင့် ဒေတာကာကွယ်ရေးကို စောင့်ထိန်းခြင်း
- စောဒကတက်တိုင်တန်းမှု လုပ်ထုံးလုပ်နည်းကို အာမခံပေးခြင်း
- ဥပဒေနှင့်အညီ ကုစားခွင့်များ ရရှိကြောင်း သေချာစေခြင်း

ဤစည်းမျဉ်းများကို ချိုးဖောက်သော ဝန်ထမ်း သို့မဟုတ် လုပ်ငန်းမိတ်ဖက်များအနေဖြင့်
သင့်လျော်သော စည်းကမ်းထိန်းသိမ်းရေးအရ အရေးယူမှုများ ခံယူရပါမည်။
စာချုပ်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များသို့ တိုင်ကြားခြင်းများ ပါဝင်နိုင်ပါသည်။